# MTSH

## Myanmar Thilawa SEZ Holdings Public Co.,Ltd.

$22^{nd}$ June 2023 (Thursday)

# SPECIAL GENERAL MEETING

&

# 10TH ANNUAL GENERAL MEETING

Online Meeting

(10:00 AM)

**(Shareholders Online Registration - 24-5-2023 to 9-6-2023)**

**"အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၁၆-၆-၂၀၂၃) ရက်နေ့ ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ info@mtshmyanmar.com သို့ ပေးပို့နိုင်ပါသည်"**

**"For any questions or suggestions, please kindly send to info@mtshmyanmar.com latest 4:30 pm on $16^{th}$ June 2023"**

# ဖိတ်ကြားလွှာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော

ကုမ္ပဏီလီမိတက် (MTSH) ၏

အထူးအထွေထွေ အစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို

Online အသုံးပြု၍ ၂၂ - ၆ - ၂၀၂၃ နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍

အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၂) ရက် (ကြာသပတေးနေ့) |
| အစည်းအဝေးစတင်မည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| ကျင်းပမည့် စနစ် | - | Zoom Online Meeting |

၂၄ - ၅ - ၂၀၂၃ နေ့တွင် https://mtshmyanmar.com တွင် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget Year) နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၂၃ - ၂၀၂၄ ခုနှစ်အတွက် အရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာရှင်များက ဆန္ဒမဲပေးသည့် ကိစ္စနှင့် ပတ်သက်သည့် အချက်အလက် အပြည့်အစုံကို အစုရှယ်ယာရှင်များ သိရှိ၍ Online Registration ပြုလုပ်နိုင်ရန်အတွက် တင်ပြထားမည် ဖြစ်ပါသည်။

Online Registration ပြုလုပ်ထားသူများကို မှတ်ပုံတင်ထားသည့် တယ်လီဖုန်းသို့ SMS ဖြင့် Zoom Webinar Link ပေးပို့မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget Year) နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစီရင်ခံစာအား အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် https://mtshmyanmar.com ၌ ၂၄ - ၅ - ၂၀၂၃ နေ့တွင် တင်ထားပေးမည် ဖြစ်ပါသည်။

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

# MTSH ၏ အထူးအထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စရပ်များ

၁။ မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (MTSH) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ခြင်းအား အထူးဆုံးဖြတ်ချက် ချမှတ်၍ အတည်ပြုခြင်း။

# Agenda of MTSH Special General Meeting

1. Approval of amendment of the constitution adopt as a Special Resolution of the Myanmar Thilawa SEZ Holdings Public Co., Ltd (MTSH)

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**MTSH ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စရပ်များ**

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget Year)နှင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တို့တွင် ကုန်ဆုံးသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာ၊ အတည်ပြုဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာ တို့ကို ကြေညာခြင်း။

၂။ အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းနှင့် ဒါရိုက်တာအဖွဲ့၏ ဆုကြေးအား ကြေညာခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ခြင်းနှင့် ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာခြင်း။

၄။ လွတ်လပ်သော ဒါရိုက်တာများ၏ အမည်စာရင်းအား ကြေညာခြင်း။

၅။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းကို ကြေညာခြင်း။

**Agenda of MTSH 10th Annual General Meeting**

1. Announcement of Approved External Audit Report, Directors' Report and Financial Statements from 1st October 2021 to 31st March 2022, FY 2021-2022 (Mini Budget Year) & from 1st April 2022 to 31st March 2023, FY 2022-2023.
2. Announcement of Shareholders' Dividend and Board of Directors' Bonus.
3. Appointment of Members of the Board and announcement of Approved BOD Members.
4. Announcement of Approved Independent Directors.
5. Announcement of Approved External Audit Firm for the Financial Year 2023-2024.

**အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုလိုသည်များရှိပါက (၁၆-၆-၂၀၂၃) ရက်နေ့ ညနေ (၄:၃၀) နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။**

**"For any questions or suggestions, please kindly send them by 4:30 pm on 16th June 2023."**

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**အမြတ်ဝေစု ခွဲဝေမည့်စနစ်အား ရှင်းလင်းတင်ပြခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေများပေါ် အခြေခံ၍ ၂၂-၆-၂၀၂၃ ရက်နေ့တွင် ကျင်းပမည့် ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များအား အစုရှယ်ယာရှင်များ ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုလျှင် ငါးဆယ်ကျပ်တိတိအား ခွဲဝေပေးမည်ဖြစ်ကြောင်း ကြေညာပေးရန်အတွက် ၂၄-၄-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂-၂၀၂၃) ၌ ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည့် အမြတ်ဝေစုတန်ဖိုးကို အစုရှယ်ယာရှင်များအား စနစ်တကျ ထုတ်ပေးနိုင်ရန်အတွက် ၄-၅-၂၀၂၃ နေ့အထိ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ အစုရှယ်ယာရှင် မှတ်တမ်းတွင် ၉-၅-၂၀၂၃ နေ့၌ ပါရှိမည့် အစုရှယ်ယာရှင် တစ်ဦးချင်းစီက အစုရှယ်ယာဝယ်ယူပိုင်ဆိုင်သော အရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်သည်။

အမြတ်ဝေစုများထုတ်ဝေပေးရာတွင် -

Securities ကုမ္ပဏီများဖြစ်သော KBZSC Securities, MSEC Securities, AYAtrust Securities, CB Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုကို မိမိတို့ဖွင့်လှစ်ခဲ့သည့် Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။ ထည့်သွင်းပေးမည့်ရက်ကို ထပ်မံကြေညာပါမည်။

Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအတွက် ထုတ်ယူရမည့် ဘဏ်ခွဲနှင့် ရက်စွဲအား ဆက်လက်ကြေညာပေးသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**အမြတ်ဝေစုထုတ်ယူရန် ကျန်ရှိသည့် အစုရှယ်ယာရှင်များကို**
**အသိပေးအကြောင်းကြားခြင်း**

၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉၊ ၂၀၁၉၊ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တို့အတွက် မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ခွဲဝေပေးသည့် အမြတ်ဝေစုကို အကြောင်းကြောင်းကြောင့် လာရောက်မထုတ်ယူသေးသည့် အစုရှယ်ယာရှင်များအနေဖြင့် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဆက်သွယ်၍ အမြတ်ဝေစုထုတ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - | မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH ၊ အစုရှယ်ယာဌာန၊ ရွှေဇဗ္ဗူရေးဗားဗျူးကွန်းပလပ်(စ်)၊ ၂၃ ဂျီ-၁၊ အမှတ် ၃-ဘီ၊ တာဝါ (အေ)၊ (၉) ထပ် (အပေါ်ဆုံးထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ၀၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃၊ ၂၃၀၁၈၅၃၊ ၂၃၀၁၈၅၄၊ ၂၃၀၁၈၈၅၊ ၀၉ ၉၆ ၉၉၉ ၇၈၁၇၊ |
| အီးမေးလ် | - | IR@mtshmyanmar.com |

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

---

**အသိပေးကြေညာချက်**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့က ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းဝေးတွင် တင်ပြမည့် နှစ်ပတ်လည် အစီရင်ခံစာ စာအုပ်ကို ၂၄-၅-၂၀၂၃ ရက်နေ့မှစတင်၍ MTSH ၏ Website ဖြစ်သည့် www.mtshmyanmar.com တွင် တင်ထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

သို့

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ရက်စွဲ။ ။ ၂၀၂၃ ခုနှစ်၊ (        ) လ၊ (        ) ရက်။

**ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ**

လူကြီးမင်းခင်ဗျာ ...

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူ လက်မှတ် ------------------------

အဆိုပြုသူ အမည် -------------------------

မှတ်ပုံတင်အမှတ် -------------------------

နေရပ်လိပ်စာ -------------------------

---

**ဒါရိုက်တာအဖြစ်အရွေးခံနိုင်ရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏**
**အရည်အချင်းသတ်မှတ်ချက်နှင့် စည်းကမ်းချက်များ**

၁။ အစုရှယ်ယာအရေအတွက် (၁၀,၀၀၀) နှင့် အထက်ပိုင်ဆိုင်ရမည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့် ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂) ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၁၂-၆-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ (၄:၃၀) နာရီထက်နောက်မကျဘဲ MTSH ၏ Email ဖြစ်သည့် info@mtshmyanmar.com သို့ ပေးပို့ပေးရန်နှင့် ၄င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏
## ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံကပ်ရန်

၁။ အမည် - ------------------------------

၂။ နိုင်ငံသားမှတ်ပုံတင်အမှတ် - ------------------------------

၃။ မွေးသက္ကရာဇ် - ------------------------------

၄။ ပညာအရည်အချင်း - ------------------------------

၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ - ------------------------------

၆။ မိဘအမည်၊ ကိုးကွယ်သည့်ဘာသာ - ------------------------------

၇။ လက်ရှိနေရပ်လိပ်စာ - ------------------------------
------------------------------

၈။ ဆက်သွယ်ရန်ဖုန်းနံပါတ် - ------------------------------
အီးမေးလ် ------------------------------

၉။ ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် - ------------------------------
အမှတ်နှင့် အရေအတွက် ------------------------------

၁၀။ ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ - ------------------------------
(နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်။) ------------------------------
------------------------------
------------------------------

၁၁။ အခြားလုပ်ငန်းအတွေ့အကြုံ - ------------------------------
(နောက်ဆက်တွဲဖြင့်ဖော်ပြနိုင်ပါသည်။) ------------------------------
------------------------------

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ
အစုရှယ်ယာရှင်၏လက်မှတ်

------------------------------

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**အစုရှယ်ယာရှင်များအား အသိပေးခြင်း**

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အထူးအထွေထွေ အစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းဝေးကို အွန်လိုင်းအသုံးပြု၍ ၂၂-၆-၂၀၂၃ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget Year)နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၂၄-၅-၂၀၂၃ ရက်နေ့တွင် www.mtshmyanmar.com ၌ တင်ပေးထားမည်ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များ၏ အကြံပြုချက်/မေးမြန်းချက်များကို ၁၆-၆-၂၀၂၃ ရက်နေ့ ညနေ (၄:၃၀) နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူပြီး info@mtshmyanmar.com သို့ပေးပို့နိုင်ပါသည်။

၄။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်ရွေးချယ်ခံရန် အစုရှယ်ယာအရေအတွက် (၁၀,၀၀၀)နှင့် အထက်ပိုင်ဆိုင်သူဖြစ်ရပါမည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများသည် MTSH Website ဖြစ်သော www.mtshmyanmar.com သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် Form ပုံစံအား Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်နိုင်ရန် Online Register ပြုလုပ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို ၉-၆-၂၀၂၃ ရက်နေ့ ညနေ (၄:၃၀) အချိန်ထက်နောက်မကျဘဲ MTSH Website ဖြစ်သော www.mtshmyanmar.com တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။

၆။ Online Registration ပြုလုပ်ရန်အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MTSH Investor Relations Department ၏ Viber ဖုန်းနံပါတ်အမှတ် ၀၉ ၉၆၆ ၉၉၇ ၈၀၈၊ ၀၉ ၉၆၆ ၉၉၇ ၈၁၇ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်၊ Online Voting Link နှင့် Zoom Webinar Link လက်ခံမည့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုတည်းဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် ပေးပို့၍ စာရင်းပေးသွင်း ဆောင်ရွက်နိုင်ပါသည်။

၇။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အထူးအထွေထွေ အစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းဝေးကို အွန်လိုင်းအသုံးပြု၍ ၂၂-၆-၂၀၂၃ ရက်နေ့၊ နံနက် (၁၀:၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အစည်းအဝေးကျင်းပသည့်နေ့တွင် ဒါရိုက်တာအဖွဲ့ဝင် ရွေးချယ်ခြင်းကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာအရေအတွက် (၁၀,၀၀၀) နှင့်အထက် ပိုင်ဆိုင်သူဖြစ်ရန်လိုအပ်ပြီး၊ MTSH Website ဖြစ်သော www.mtshmyanmar.com သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် Form ပုံစံအား Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၁၂-၆-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ (၄:၃၀)နာရီထက် နောက်မကျဘဲ MTSH ၏ Email ဖြစ်သည့် info@mtshmyanmar.com သို့ ပေးပို့ရပါမည်။ သတ်မှတ်အချိန်ထက်ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

**မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၂-၆-၂၀၂၃ နေ့တွင် ကျင်းပပြုလုပ်မည့် အထူးအထွေထွေအစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတို့တွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ထည့်သွင်းမည့် အချက်အလက်များနှင့် အကျိုးအကြောင်းဖော်ပြချက်**

| စဉ် | မူလစာသား | ပြင်ဆင်/ဖြည့်စွက်မည့်စာသား | အကျိုးအကြောင်း ဖော်ပြချက် |
|---|---|---|---|
| ၁ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အခန်း (၁၆)၊ အပိုဒ် ၁၁၂ တွင် ဖော်ပြထားသော | | |
| | ဘုတ်အဖွဲ့သည် အခါအားလျော်စွာ ဒါရိုက်တာများအထဲမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒု-ဥက္ကဋ္ဌနှစ်ဦးတို့ကို ရွေးချယ်ခန့်အပ်နိုင်သည်။ လိုအပ်ပါက ကာလတစ်ရပ်ရပ်အတွက် ဒါရိုက်တာများအထဲမှ အုပ်ချုပ်မှုဒါရိုက်တာ (Managing Director) တစ်ဦး သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင်မဟုတ်သော လုပ်ငန်းကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်မည့် သင့်တော်သူတစ်ဦးအား အမှုဆောင်အရာရှိချုပ်(CEO) အဖြစ် ခန့်အပ်နိုင်သည်။ သင့်လျော်သော အချိန်ကာလနှင့် သင့်လျော်သော ထောက်ပံ့ကြေး (လခစား သို့မဟုတ် ကော်မရှင် သို့မဟုတ် အမြတ်ဝေစုခံစားခွင့် သို့မဟုတ် တမျိုးစီကို တစ်စိတ်တဒေသ ခံစားခွင့်) ကို ၎င်းတို့က သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ပေးနိုင်သည်။ သို့ရာတွင် အောက်ဖော်ပြပါ စည်းမျဉ်း အပိုဒ် (၁၂၅) ကို လိုက်နာရမည်။ | ဘုတ်အဖွဲ့သည် အခါအားလျော်စွာ ဒါရိုက်တာများအထဲမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးတို့ကို ရွေးချယ်ခန့်အပ်နိုင်သည်။ လိုအပ်ပါက ကာလတစ်ရပ်ရပ်အတွက် ဒါရိုက်တာများအထဲမှ တစ်ဦး သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် မဟုတ်သော လုပ်ငန်းကျွမ်းကျင်စွာ စီမံခန့် ခွဲနိုင်မည့် သင့်တော်သူတစ်ဦးအား အမှုဆောင်အရာရှိချုပ်(CEO) အဖြစ် ခန့်အပ်နိုင်သည်။ သင့်လျော်သော အချိန်ကာလနှင့် သင့်လျော်သော ထောက်ပံ့ကြေး (လခစား သို့မဟုတ် ကော်မရှင် သို့မဟုတ် အမြတ်ဝေစုခံစားခွင့် သို့မဟုတ် တမျိုးစီကို တစ်စိတ်တဒေသ ခံစားခွင့်)ကို ၎င်းတို့က သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ပေးနိုင်သည်။ သို့ရာတွင် အောက်ဖော်ပြပါ စည်းမျဉ်း အပိုဒ် (၁၂၅) ကို လိုက်နာရမည်။ | နိုင်ငံတကာ ကုမ္ပဏီများတွင် သုံးနှုန်းခေါ်ဝေါ်လေ့ရှိသော ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူအား အမှုဆောင်အရာရှိချုပ်(CEO) ဟုသာ သတ်မှတ်နိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် ကျင်းပခဲ့သည့် ၃/၂၀၂၂-၂၀၂၃ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြင်ဆင်ခြင်း ဖြစ်ပါသည်။ |

| စဉ် | မူလစာသား | ပြင်ဆင်/ဖြည့်စွက်မည့်စာသား | အကျိုးအကြောင်း ဖော်ပြချက် |
|---|---|---|---|
| ၂ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အခန်း (၁၆) ၊ အပိုဒ် ၁၁၃ တွင် ဖော်ပြထားသော | | |
| | အောက်ဖော်ပြပါ ကိစ္စရပ်များတွင် ဘုတ်အဖွဲ့သည် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ (Managing Director) သို့မဟုတ် အမှုဆောင် အရာရှိချုပ် (CEO) တို့အနက်မှ တစ်ဦးဦးကိုသော်လည်းကောင်း၊ ပူးတွဲ၍ သော်လည်းကောင်း အာဏာအပ်နှင်းနိုင်သည်။<br>(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းဝယ်ခြင်း၊ တည်ဆောက်ခြင်း။<br>(ခ) အခြားအရောင်းအဝယ်ကိစ္စများ။<br>အထက်ပါလုပ်ပိုင်ခွင့်ထက်ကျော်လွန်သော ကိစ္စများ၊ ဖက်စပ်စာချုပ်ကဲ့သို့ အရေးကြီးသော ပဋိညာဉ်စာချုပ်များချုပ်ဆိုခြင်းနှင့် အခြားအဖွဲ့အစည်းနှင့် ပူးပေါင်းဖက်စပ်လုပ်ကိုင်ခြင်း ကိစ္စရပ်များတွင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ရယူပြီးမှသာ လုပ်ကိုင်ရမည်။ | အောက်ဖော်ပြပါ ကိစ္စရပ်များတွင် ဘုတ်အဖွဲ့သည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် (CEO) တို့အနက်မှ တစ်ဦးဦးကို သော်လည်းကောင်း၊ ပူးတွဲ၍ သော်လည်းကောင်း အာဏာအပ်နှင်းနိုင်သည်။<br>(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းဝယ်ခြင်း၊ တည်ဆောက်ခြင်း။<br>(ခ) အခြားအရောင်းအဝယ်ကိစ္စများ။<br>အထက်ပါလုပ်ပိုင်ခွင့်ထက်ကျော်လွန်သော ကိစ္စများ၊ ဖက်စပ်စာချုပ်ကဲ့သို့ အရေးကြီးသော ပဋိညာဉ်စာချုပ်များချုပ်ဆိုခြင်းနှင့် အခြားအဖွဲ့အစည်းနှင့် ပူးပေါင်းဖက်စပ်လုပ်ကိုင်ခြင်း ကိစ္စရပ်များတွင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ရယူပြီးမှသာ လုပ်ကိုင်ရမည်။ | နိုင်ငံတကာ ကုမ္ပဏီများတွင် သုံးနှုန်းခေါ်ဝေါ်လေ့ရှိသော ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူအား အမှုဆောင်အရာရှိချုပ်(CEO) ဟုသာ သတ်မှတ်နိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် ကျင်းပခဲ့သည့် ၃/၂၀၂၂-၂၀၂၃ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြင်ဆင်ခြင်း ဖြစ်ပါသည်။ |